တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၂၄) ရက်မြောက်နေ့အစီအစဉ်

(၆ - ၁၁ - ၂၀၂၆) (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်ငြိမ်းအောင်၊ တာချီလိတ်မဲဆန္ဒနယ်၏ **ပြည်ထောင်စုတရားရုံးချုပ်၏ ၁၈-၁၂-၁၉၉၀ ရက်စွဲပါ ညွှန်ကြားချက်အား ကျင့်သုံးဆောင်ရွက်လျက်ရှိ မရှိနှင့် မရှိပါက အဘယ့်ကြောင့်ဆိုသည်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်မိုးအောင် (ခ) နေရှိုင်း၊ ရန်ကင်းမဲဆန္ဒနယ်၏ **တရားရုံးများရှိ Complaint Box များမှ တင်ပြစာများကို အရေးယူဆောင်ရွက်ရန်အတွက် သီးခြားစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးသက်ပိုင်ထူး၊ ဖားကန့်မဲဆန္ဒနယ်၏ **ဖားကန့်ရှိ သယံဇာတများအား အကြီးစားနှင့် အလတ်စား တူးဖော်ခွင့်မပြုဘဲ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ခွင့်ကို စည်းကမ်းနှင့်အညီ ခွင့်ပြုပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်၏ **MSME ထုတ်ကုန်များ၏ စျေးကွက်တိုးမြှင့်ရေး၊ အသုံးပြုမှုမြှင့်တင်ရေးနှင့် ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများတွင် Local Content Policy နှင့် Product Placement Guideline ချမှတ်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **ကြိုးဖုန်းဆက်သွယ်မှုများ မပြတ်တောက်စေရေး စီမံပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးစိုင်းထွန်းလင်း၊ မိုးနဲ မဲဆန္ဒနယ်၏ **ကျိုင်းတောင်းမြို့နှင့် မြို့ကို ဆက်သွယ်ထားသော ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်စေရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးအောင်ဆန်းလွင်၊ တနင်္သာရီမဲဆန္ဒနယ်၏ **မြိတ်မြို့၊ မြို့မဈေးကြီးအား ပြန်လည်တည်ဆောက်ပေးရန်နှင့် မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းရေးစနစ်များ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်အေးအေးမြင့်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ကျန်စစ်သားလမ်းမကြီး၊ ကုန်းဘောင်လမ်းမကြီး၊ မင်းရဲကျော်စွာလမ်းမကြီးနှင့် အမှတ်(၇) လမ်းမကြီးတို့တွင် လမ်းမီးတိုင်များနှင့်လမ်းမီးများ တပ်ဆင်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်၏ **မင်းလှမြို့နယ်၊ အလယ်ကုန်း–ကန့်လန့်ကုန်းလမ်းအား တာဘောင်ချဲ့ခြင်း၊ ဂဝံခင်းခြင်းနှင့် ၎င်းအပေါ်တွင် ကမ်းကပ်ခုံနှင့် Box Culvert (၂) စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်၏ **စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြ– မကွေရာ–ကျွန်းဦး– မကျီးကုန်း– ရွာဘို– မီးသွေးဘုတ် ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးကောင်းသက်စံ၊ သီပေါမဲဆန္ဒနယ်၏ **သီပေါမြို့နယ်၊ အုံမု- ဘော်ကြို လမ်းမမှ မူးလေးကျေးရွာအထိ လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဌ) ဒေါ်ဥမ္မာမိုမို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်၏ **သဲကုန်းမြို့နယ်၊ လောင့်ကြီးကျေးရွာ၊ ရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အောက်ဖော်ပြပါ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အဖွဲ့များတွင် ပါဝင်ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း-

(က) မြန်မာ- ဘယ်လာရုစ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့၊

(ခ) မြန်မာ- အင်ဒိုနီးရှား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့၊

(ဂ) မြန်မာ- တောင်ကိုရီးယား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့၊

(ဃ) မြန်မာ- ကာဇက်စတန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့၊

(င) မြန်မာ- မလေးရှား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့၊

(စ) မြန်မာ- ရုရှား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။